# မြန်မာဘာသာစကားနှင့် ပြောင်းပြန်ဖြစ်ခြင်းနိယာမ

ပါရဂူ (PhD) ဘွဲ့အတွက် တင်သွင်းသောကျမ်း

ခင်မာယာ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၈ ခုနှစ် ၊ ဇန်နဝါရီလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းတွင် မြန်မာဘာသာစကားရှိ ပြောင်းပြန်ဖြစ်ခြင်းသဘောတရားများကို စကားသံအဆင့် ပြောင်းပြန်ဖြစ်ခြင်း၊ စကားလုံးအဆင့်ပြောင်းပြန်ဖြစ်ခြင်း ၊ ဝါကျအဆင့်ပြောင်းပြန်ဖြစ်ခြင်းနှင့် အနက်အဓိပ္ပာယ်အဆင့်ပြောင်းပြန်ဖြစ်ခြင်းဟူ၍ အပိုင်း (၄) ပိုင်းခွဲကာ တင်ပြထားပါသည်။ စကားသံအဆင့်ပြောင်းပြန်ဖြစ်ခြင်းကို စကားထာ ၊ စကားလိမ် ၊ စာပေသုံးစကား ၊ နေ့စဉ်သုံးအပြောစကားများနှင့် ယှဉ်ကပ်လေ့လာထားပြီး ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများကိုပါ တစ်ဆက်တည်း တင်ပြထားပါသည်။ စကားလုံးအဆင့်ပြောင်းပြန်ဖြစ်ခြင်းကို ဝေါဟာရဝိပ္ပလ္လာသ သဘောတရားဖြင့် ကပ်ပြပြီး စာပေထဲရှိ အသုံးများ ၊ အပြောစကားများနှင့် အကျိုးသက်ရောက်မှုများကို လေ့လာတင်ပြထားပါသည်။ ဝါကျအဆင့်ပြောင်းပြန်ဖြစ်ခြင်းကို ဝါကျသွေဖည်ခြင်း သဘောတရားနှင့်ကပ်ပြပြီး အပြောဘာသာစကားရှိ ဝါကျသွေဖည်မှုများကို ဖော်ထုတ်တင်ပြထားပါသည်။ အနက်အဓိပ္ပာယ်ပြောင်းပြန်ဖြစ်ခြင်းကို အနက်ဆန့်ကျင်ခြင်း သဘောတရားနှင့် ကပ်ပြပြီး အပြောစကား ၊ အရေးစကားနှစ်မျိုးစလုံးဖြင့် လက်လှမ်းမီသမျှ တင်ပြထားပါသည်။